# ရန်ကုန်တိုင်းရင်းဆေးရုံသို့ လာရောက်ကုသသော ထိပ်ကပ်နာလူနာများအား နဿ (Nasaya) ဆေးအဆီအသုံးပြု၍ ကုသမှုအား လေ့လာဆန်းစစ်ခြင်း

တင့်လွင်၊ သိမ်းကျော်(ရန်ကုန်တိုင်းရင်းဆေးရုံ)

မြန်မာ့တိုင်းရင်းဆေးပညာတွင် အသုံးပြုလျက်ရှိသော ပဉ္စကမ္မကုထုံးတစ်ခုဖြစ်သည့် နဿကမ္မ (Nasaya Karma) နည်းဖြင့် ထိပ်ကပ်နာလူနာများအား ကုသပျောက်ကင်းနိုင်ကြောင်း အများပြည်သူသိရှိစေရန်၊ နဿကမ္မကုထုံးနည်းပညာများဖြင့် ပြန့်ပွားလာစေရန်၊ ပြည်ပနိုင်ငံများမှ ဆေးပစ္စည်းများ မပါရှိဘဲ ဒေသထွက်ဆေးပစ္စည်းများဖြင့် နဿဆေးအဆီဖော်စပ်အသုံးပြု၍ ထိပ်ကပ်နာဝေဒနာအား ကုသနိုင်ကြောင်းသိရှိစေရန်၊ အနောက်တိုင်းဆေးပညာဖြင့် ကုသရန်ခက်ခဲသော ထိပ်ကပ်နာအား မြန်မာတိုင်းရင်းဆေးပညာ နည်းစနစ်ဖြင့် ကုသနိုင်ကြောင်း သိရှိ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုတင်ပြခြင်းဖြစ်သည်။ ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ(၃) နှစ်အတွင်း လာရောက်ကုသမှုခံယူသော ထိပ်ကပ်နာလူနာ(၂၆၉)ဦးအား နဿဆေးအဆီ အသုံးပြု၍ ကုသပေးခဲ့ရာ သက်သာပျောက်ကင်းမှု အခြေအနေကို တင်ပြထားပါသည်။ လေ့လာတွေ့ရှိချက်အရ ထိပ်ကပ်နာ လူနာဦးရေမှာ လာရောက်ကုသမှု ခံယူသူ လူနာဦးရေ၏ (၁၃.၆၁%) အထိ ရှိနေသဖြင့် ထိပ်ကပ်နာဖြစ်ပွားမှု အရေအတွက် များပြားကြောင်းတွေ့ရသည်။ ထိပ်ကပ်နာ လူနာအား နှာခေါင်းအတွင်းအသားပို (Polyts) ရှိသော လူနာနှင့် အသားပိုမရှိသော လူနာဟုခွဲခြားထားရာ အသားပိုရှိသောလူနာ (၁၁၂)ဦး (၄၅.၃၅%) ရှိပြီး အသားပိုမရှိသူ (၁၄၇) ဦး (၅၄.၆၅%) ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ပြည်သူများအတွင်း အဖြစ်များသော ထိပ်ကပ်နာဝေဒနာအား ထိရောက်လွယ်ကူသော နဿကမ္မကုထုံးဖြင့် စရိတ်စက သက်သာစွာ ထိထိရောက်ရောက် စောင့်ရှောက်ကုသမှု ပေးနိုင်ပါသည်။